## (၇-၅-၂၀၂၁)မှ (၁၃-၅-၂၀၂၁) အထိ သကြားပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

၁။ ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် (၁-၄-၂၀၂၁) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၂၁.၀၅) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၁၁-၅-၂၀၂၁) ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၈၀.၃၅) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 11–May–21 | 18.05 cts/lb | 17.24 cts/lb | 480.35 $/T | 21.79 cts/lb |
| 10–May–21 | 17.53 cts/lb | 17.15 cts/lb | 466.85 $/T | 21.18 cts/lb |
| 7–May–21 | 17.54 cts/lb | 17.06 cts/lb | 466.15 $/T | 21.14 cts/lb |
| 6–May–21 | 17.56 cts/lb | 17.00 cts/lb | 464.70 $/T | 21.08 cts/lb |
| 5–May–21 | 17.48 cts/lb | 16.91 cts/lb | 462.85 $/T | 20.99 cts/lb |
| 4–May–21 | 17.09 cts/lb | 16.81 cts/lb | 451.75 $/T | 20.49 cts/lb |
| 29–Apr–21 | 16.95 cts/lb | 16.50 cts/lb | 451.75 $/T | 20.49 cts/lb |
| 28–Apr–21 | 17.17 cts/lb | 16.38 cts/lb | 461.40 $/T | 20.93 cts/lb |
| 27–Apr–21 | 17.77 cts/lb | 16.24 cts/lb | 477.90 $/T | 21.68 cts/lb |
| 26–Apr–21 | 17.10 cts/lb | 16.06 cts/lb | 463.00 $/T | 21.00 cts/lb |
| 23–Apr–21 | 16.86 cts/lb | 15.90 cts/lb | 458.60 $/T | 20.80 cts/lb |
| 22–Apr–21 | 16.85 cts/lb | 15.76 cts/lb | 460.10 $/T | 20.87 cts/lb |
| 21–Apr–21 | 16.85 cts/lb | 15.62 cts/lb | 460.60 $/T | 20.89 cts/lb |
| 20–Apr–21 | 16.69 cts/lb | 15.49 cts/lb | 458.60 $/T | 20.80 cts/lb |
| 19–Apr–21 | 16.22 cts/lb | 15.36 cts/lb | 450.45 $/T | 20.43 cts/lb |
| 16–Apr–21 | 16.57 cts/lb | 15.29 cts/lb | 458.35 $/T | 20.79 cts/lb |
| 15–Apr–21 | 16.30 cts/lb | 15.18 cts/lb | 456.00 $/T | 20.68 cts/lb |
| 14–Apr–21 | 15.86 cts/lb | 15.12 cts/lb | 442.65 $/T | 20.08 cts/lb |
| 13–Apr–21 | 15.47 cts/lb | 15.08 cts/lb | 427.50 $/T | 19.39 cts/lb |
| 12–Apr–21 | 15.36 cts/lb | 15.08 cts/lb | 424.40 $/T | 19.25 cts/lb |
| 9–Apr–21 | 15.41 cts/lb | 15.09 cts/lb | 427.70 $/T | 19.40 cts/lb |
| 8–Apr–21 | 15.18 cts/lb | 15.10 cts/lb | 426.65 $/T | 19.35 cts/lb |
| 7–Apr–21 | 15.07 cts/lb | 15.14 cts/lb | 424.55 $/T | 19.26 cts/lb |
| 6–Apr–21 | 15.04 cts/lb | 15.20 cts/lb | 426.80 $/T | 19.36 cts/lb |
| 1–Apr–21 | 14.72 cts/lb | 15.33 cts/lb | 421.05 $/T | 19.10 cts/lb |

၂။ ပြည်တွင်းသကြားဈေးကွက်အနေဖြင့် ပြည်ပနိုင်ငံများမှ သကြားဝင်ရောက်မှု မရှိခြင်းနှင့် ပြည်တွင်းဈေးကွက်တွင် လက်ကျန်နည်းပါးနေခြင်းတို့ကြောင့် လေးနှစ်အတွင်း သကြားဈေးနှုန်းမှာ အမြင့်ဆုံးဈေး ရရှိလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သကြားနှင့် သကာရည်

ကုန်စည်ဒိုင်အသင်း အတွင်းရေးမှူး ဦးသီဟထွန်းထံမှ သိရသည်။ သကြားဈေးနှုန်းမှာ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း တစ်ပိဿာလျှင် ကျပ် ၁၀၀၀ အောက်တွင်သာ ရှိခဲ့ပြီး ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၁၃၀၀ အထိ ရရှိနေခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

၃။ ပြည်တွင်းစိုက်ပျိုးမှုသည် ယခင်နှစ်က ကိုဗစ်ရောဂါဖြစ်ပွား၍ ဈေးကွက်သည်လည်း မကောင်းခြင်းကြောင့် ကြံများကို လျှော့၍ စိုက်ပျိုးလာကြပါသည်။ ထို့ကြောင့် ယခုနှစ်တွင် ကြံအထွက်နှုန်းသည်လည်း နည်းပါးလာပြီး ပြည်ပနိုင်ငံများကလည်း သကြားဈေးနှုန်းများ မြင့်တက်နေသည့်အတွက် ပြည်တွင်းကို တင်သွင်းခြင်းများ မပြုလုပ်သောကြောင့် ယခုကဲ့သို့ ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ကြံမှ ထုတ်လုပ်သော ထုတ်ကုန်များဖြစ်သည့် ပွက်ရည်၊ ပွက်သား ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ် ၁၀၃၀ အထိ မြင့်တက်လာခဲ့ပြီး အရောင်းအဝယ်မှာလည်း သွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သကြားနှင့် သကာရည် ကုန်စည်ဒိုင် အသင်းထံမှ သိရှိရပါသည်။

၄။ ၂၀၂၁ ခုနှစ်၊ မေလ ဒုတိယပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြား ဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၇၀) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၃၅၇) ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၅၈၉-၆၁၇) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ (၄၄၁-၅၃၂) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ အိန္ဒိယနှင့် အမေရိကန် နိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ မြင့်တက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် သကြား ဈေးနှုန်း တည်ငြိမ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၅။ ၂၀၂၁ ခုနှစ်၊ မေလ ဒုတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြား (၁) တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ (၃၄၁) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၇၀) ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် (၁) တန် ပေါ်တွင် အမေရိကန်ဒေါ်လာ (၅၂၉) ဒေါ်လာ ဈေးနှုန်း ကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြား (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၄၆၃) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၄၈၅) ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

၆။ ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင် (၁၉၀၀) ကျပ်နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၈၀၀) ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ထားဝယ်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၁၀၀) ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

၇။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်၊ မေလ ဒုတိယပတ်တွင် ကမ္ဘာ့သကြား ဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၁.၇၇ % ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။